in cooperation with:

http://www.facebook.com/thirdstorychildrenbooks

# တူစွာချေတစ်ခု

ခင်ခင်သီဟ

ကာတွန်းဝတ္တု ဘဌေးကျီ



# အစိတ်ကေတိ ဖြီဆိုကတ်ဖို့ မီးခွန်းတိ။

ပူစူးအဖသည် ရွာလူကြီးစွာ
ဇာတွက် ပူစူးကို အခြားရွာတိ
လားမကစပ်ခိုင်းစွာလေ။





လူပြာ၊ လူစိမ်း၊ လူပန်းရောင်
တိနန့် ပူစူးရို့ လူဝါရို့စွာ
ဇာချင့်တိ မတူကတ်စွာလေဂု။

သားချေရို့ ၊ သမီးချေရို့မှာလေ့
အသားအရီအရောင်၊
လူမျိုးမတူရေ သူငယ်ချင်း
ချေတိဟိကတ်ပါလား။
ယင်းသူရို့ အကြောင်းပြောပြပါ။





အသားအရီအရောင်မတူရေ
သူငယ်ချင်းတိနန့် စာတတူတူ
ဆိုကတ်စွာ ၊ ကစပ်ကတ်စွာတိ
လုပ်ဖူးကတ်ပါယင့်လား။

# တူစွာချေတစ်ခု



## ခင်ခင်သီဟာ

ကာတွန်းဝတ္ထု ဘဌေးကို

တတိယအမြင်ဝတ္ထုစာစဉ်

Third Story Project

မြန်မာပုံပြောအဖွဲ့နန့် စေတနာသျှင်လူငယ်တိ (ရန်ကုန်)ရို့မှ ပူးတွဲထုတ်ဝီသည်။

ရှိ့အခါက တောကြီးတောင်တန်းတစ်ခုမှာ
ရွာလေးရွာဟိပါရေလတ်။
ယင်းရွာတိကတော့ခါ လူဝါရွာ၊ လူပြာရွာ၊
လူစိမ်းရွာ နန့် လူပန်းရောင်ရွာတိဖြစ်ပါရေ။

လူဝါရွာမှာ အဝါရောင်အသား
အရှိဟိရေလူတိ နီကတ်ပြီးနာ၊ လူပြာရွာမှာ
အပြာရောင်လူတိ၊ လူစိမ်းရွာမှာ အစိမ်းရောင်လူတိ၊
လူပန်းရောင်ရွာမှာ ပန်းရောင်ဟိရေလူတိ
နီထိုင်ကတ်ပါရေ။





ရွာတိအားလုံးစွာ ယင်းတောင်ကြီး
တစ်ခုတည်းထက်မှာ ဟိနီကေလေ့
ယင်းရွာကလူတိကျကေ တစ်ရွာ နန့်
တစ်ရွာ အဆက်အဆံမဟိကတ်ပါလတ်။
ဇာဖြစ်လို့လေ့ဆိုကေ သူရို့ရေ
အသားအရောင်မတူကတ်လို့ပါ။

ယင်းရွာတိထဲက လူဝါရို့ရွာမှာ ပူစူးလို့ခေါ်ရေ
လူဝါမချေတစ်ယောက်ဟိပါလီယင့်။ ပူစူးချေစွာ
လူဝါရွာက ရွာလူကြီးသမီးချေဖြစ်ပါရေ။



တစ်ရက်နီခါ ပူစူးမချေစွာ တောထဲမှာကစပ်နီယင်း
လမ်းမွိပနာ အိမ်ပြန်ဖို့မတတ်လိုက်ပါယာလတ်။
လမ်းမွိနီရေ ပူစူးစွာ လမ်းရှာတွင်း လူပြာရွှာကို
ရောက်လားပါရေလတ်။ လူပြာရွှာက
ဝါကြီးမတစ်လုံးက တွိလားပြီးနာ၊

"ဟေား ကလိမေချေ နင်ဇာကိုလားလေ"
ကိုမီးလီရေ။ ပူစူးမချေကလေ့ "အကျွန်လူဝါရွှာကပါ
အဘောင်။ လမ်းမွိပနာဒေရွှာကို ရောက်လာစွာပါ"
လို့ ပြန်ဖြီလိုက်တေလတ်။ ယေခါ ဝါကြီးမက
ပူစူးမချေကို ထမင်းချေဟင်းချေကျွေးပြီးနာ အိမ်ပြ
န်ဖို့လမ်းကိုလိုက်ပြလိုက်ပါရေ။





ဒေရှာက လူပြာအဘောင်မလေ့
ငါရို့ ရှာကအဘောင်မတိနန့် တတူယာထော၊
ချစ်ဖို့ကောင်းလိုက်တေပင် ဆိုပနာ စဉ်း
စားမိပါရေလတ်။ လူပြာအဘုချေတိကလေ့
လူဝါအဘုချေတိပိုင် ပျော်ပျော်ရွှင်ရွှင်
ကစပ်နီကတ်ပါရေကာ။
ယင်းတွက်နန့် နောက်အပတ်ခါ
နောက်တစ်ရှာကို
လားဖို့ ပူစူးဆုံး
တ်လိုက်ပါရေ။



လူပြာတိကိုမမြင်ဖူးရေ ပူစူးစွာ
လူပြာရှာကိုရောက်ပြီးရေခါ
ကောင်းပျော လားပါရေ။



နောက်တစ်ပတ်နီစွာနန့် ပူစူးချေစွာ
လူစိမ်းရွာကိုရောက်လားပါရေ။ ယင်းရွာက
လူတိအသားအရီစွာ ပူစူးနန့်လေ့မတူဘဲ
တစ်ရွာပြတ်လုံးစိမ်းနီကတ်စွာမနား။
ယင်းခါ အစိမ်းရောင်အခင်ကြီးတစ်ယောက်
ရောက်လာပနာ "အဘာလေး
အဝါရောင်မမချေတစ်ယောက်
ကောင်းချစ်ကောင်းထမန်းချေထော၊
လတ်..လတ် ဒေကိုလာလတ် အဘုချေ"
လို့ခေါ်ပနာ မုန့်ပေါင်းတိကျွေးပါရေလတ်။
အစိမ်းရောင်အဘုချေတိနန့်လေ့ တတူတူ
ကစပ်ခပြီးနာ ပူစူးမချေက လူဝါရွာကိုလေ့
လာဖြစ်အောင်လာလည်ကတ်ပါလို့
ဖိတ်ခေါ်ခပါရေ။

နောက်အပတ်ကျခါလေ့ ငချုပ်ပူမချေပူစူး
တစ်ယောက်  ပန်းရောင်ရှာကိုလားပစ်ခီရေ။
လူပန်းရောင်ရှာမှာ အရီးတစ်ယောက်
အပင်စိုက်နှီစွာကို မြင်ခါ ပူစူးက
ဝင်လို့ကူညီပီးလိုက်တော။ ယေခါ
လူပန်းရောင်အရီးက ထမင်းတိ
မုန့်တိကျွေးလိုက်ပနာ

"လိမ်မာလိုက်တောပင်
လူဝါမချေ နောက်လေ့လည်လို့
လာလတ်နန်း" လို့ခေါ်လိုက်တော။



လူဝါကလေချေ နန့် ကလိမေချေတိစွာ ပူစူးပြောပြုလို့ လူရောင်စုံဟိရေရှာတိအကြောင်းကြားခါ ယင်းရွာက အချေတိနန့် တပျင်းကစပ်ချင်ပါလတ်ကတ်တေလတ်။

"ငါရို့အသားအရီ အဝါရောင်တိ မြင်ရေခါ ယင်းသူရို့မရယ်ကတ်လား" လို့သူငယ်ချင်း တစ်ယောက်က မီးရေခါ ပူစူးမချေက "အဟင့် မရယ်ကတ်။ ငါ့ကို အဝါရောင်မချေ ချစ်ဖို့ကောင်းရေလို့ ပြောလိုက်ကတ်တေ" လို့ ပြန်ဖြီလိုက်ပါရေ။



တစ်ရက်နိကျရေခါ ပူစူးအဖသည်
ရွာလူကြီးက ပူစူးကိုခေါ်ဗျာယ်စကားပြောပါေ
ရလတ်။ သမီးချေ ဒေတောင်တန်းကြီးထဲမှာ
ရွာကြီးလေးရွာဟိရေ။ ယေကေလေ့
အခြားရွာတိကို မလားရနန်း
လို့သတိပီးလိုက်တေ။ ပူစူးက ဇာဖြစ်လို့ပါလေ
ပြန်မီးလိုက်ရေခါ အဝါရောင်ရွာက ရွာလူကြီးက
"ငါရို့တိကမတူကတ်လို့မနားယေ"
လို့ပြန်ပြောလီရေ။



လူဝါရှာလူကြီးက "ငါရို့တိက အသား
အရောင်မတူကတ် သမီးချေ" လို့ပြောရေခါ
ပူစူးက တစ်ချက်ချေစဉ်းစားလိုက်ပြီးနာ
သူ့အဖရှာလူကြီးကို ဒေပိုင်ပြန်ပြောလိုက်တေ။
အကျွန် မတူစွာတိလေ့ တွဲခပိုင်
တူစွာလေ့သတိပြုမိခပါရေလို့ ဆိုလိုက်တေလတ်။
ယေခါ လူဝါရှာလူကြီးက "ဇာတူစွာလေ"
လို့မီးပါဗျာယ်။

ပူစူးစွာ သူရောက်ခရေ ရွာတိအကြောင်းကို
အဖသည်ကိုပြောပြလိုက်ပါရေ။
"ယင်းရွာကလူတိစွာ
တခြားလူတိကို
ကူညီကတ်ပါရေ။
ချစ်ချစ်ခင်ခင်ကြင်ကြင်
နာနာလေ့ ဟိကတ်
ပါရေ။ ယေဇုနန့်
ရွာပြတ်လုံး အသား
အရီအရောင်တိ
မတူကတ်ကေလေ့
စိတ်ထား သဖောထားချင်း
အဖြာဖြာတူညီကတ်ပါရေ"
လို့ ပြန်ပြောလိုက်ပါရေလတ်။



လူဝါရွာလူကြီးလေ့ နားလည်လားခပနာ
လူပြာရွာ၊ လူစိမ်းရွာ၊ လူပန်းရောင်ရွာ က
လူကြီးတိအားလုံးကို အစည်းအဝေးခေါ်လိုက်ပနာ
ပူစူးမချေပြောပြစွာကိုကို ပြန်ပြောပြလိုက်ပြီးကေ
တစ်ရွာနန့်တစ်ရွာ အယင်ပိုင်မနီဘဲ
ချစ်ချစ်ခင်ခင် နီထိုင်လာဖို့ဆန္ဒဟိကြောင်း
အပြန်အလှန်ပြောဆိုခကတ်ပါရေလတ်။

ကျန်ရေ ရွာလူကြီးတိလေ့ ဝမ်းသာအားရနန့်
သဘောတူကတ်ပါရေ။ ယင်းခါကပင်
စလို့တောကြီးတောင်ဒန်းဒေသထဲမှာ
ရွာလေးရွာက လူတိရေ တစ်ရွာနန့် တစ်ရွာ
ခင်ခင်မင်မင်ဖြစ်လားပနာ အချင်းချင်းလေ့
လားလိုက်လာလိုက် နီလားကတ်ပါရေ။

